**Highlight for DVB Debate's Chinese Influence over Peace**

**Dec 2nd, 2017**

How does China influence our Peace?

တရုတ်ကြောက်ရတယ်ဆိုတာ လက်မခံပါဘူး။ ကျနော်တို့မှာခွန်အား ရှိတယ်။ တကယ်တမ်းအရေးကြီးတာက ပြည်တွင်းအင်အားစုတွေပဲဖြစ်တယ်။ဒါပေမယ့်နိုင်ငံတကာဆက်ဆံရေးဆိုတာကတော့အပြန်အလှန်မှီခိုနေကြတာပဲ။ တရုတ်က မြန်မာကို အားကိုးရသလို မြန်မာကလည်းတရုတ်ကိုအားကိုးရတာပဲ။

**မျိုးရန်နောင်သိမ်း ။ အတွင်းရေးမှူး (ဗဟိုသုတေသန လမ်းညွှန်အဖွဲ့ ။ NLD)**

---

မြန်မာပြည်အပေါ်တရုတ်အရေးပါမှုတွေကို ချဲ့ကားပြောဆိုမှု အလွန်အကျွံ ထင်မြင်နေမှုတွေပဲဖြစ်တယ်။ ငြိမ်းချမ်းရေးကိစ္စမှာ တိုင်းရင်းသားလက်နက်ကိုင်တွေ တက်ကြွလှုပ်ရှားတဲ့နေရာ၊အားရှိတဲ့နေရာကတရုတ်နယ်စပ်ဖြစ်နေတယ်။ အကယ်၍ ယိုးဒယားနယ်စပ်ဆိုရင်လည်း ယိုးဒယားက အရေးပါမှာပဲ။ နယ်စပ်ဒေသဖြစ်တယ်။ တရုတ်ရဲ့အရေးပါမှုဟာ ၂ဂရာခိုင်နှုန်းလောက်ပဲရှိမယ်။ တကယ်တမ်းပိုအရေးပါတာက ပြည်တွင်းမှာရှိတဲ့ ပြည်တွင်းအင်အားစုတွေရဲ့နိုင်ငံရေး ဆန္ဒသဘောထားသာဖြစ်တယ်။ ဒုတိယပင်လုံမှာ တရုတ်ဖိအားကြောင့် မြောက်ပိုင်းအဖွဲ့ တွေလာတက်တယ်။ သို့ သော်ဘာရလဒ်မှ ရှိမလာဘူး။ တကယ်တမ်းအရေးကြီးတာကပြည်တွင်းအင်အားစုရဲ့ Political Will နိုင်ငံရေးသဘောဆန္ဒသာဖြစ်တယ်။

**မျိုးရန်နောင်သိမ်း ။ အတွင်းရေးမှူး (ဗဟိုသုတေသန လမ်းညွှန်အဖွဲ့ ။ NLD)**

---

Geo-Politic ပထဝီနိုင်ငံရေးအရ တရုတ်ရဲ့ အရေးပါမှုက ၄ဂရာခိုင်နှုန်းလောက်ရှိတယ်လို့ ထင်တယ်။

**ဟိန်းလတ်။ ( စာရေးဆရာ )**

---

ဒီကနေ့ကမ္ဘာပေါ်မှာ တရုတ်ရဲ့နိုင်ငံရေးဩဇာက သိပ်ကြီးတယ်။ စစ်အင်အားကလည်း ကြီးတယ်။ စီးပွားရေးကလည်းတိုးတက်လာတဲ့နိုင်ငံဖြစ်တယ်။

**ဦးအေးမောင်ကျော်။ ( နိုင်ငံရေးလေ့လာသုံးသပ်သူ )**

---

သမတ္တရှီကျင့်ဖျင့် က အတော်အသင့်ချမ်းသာသော လူ့ဘောင်တရပ်တည်ဆောက်ရေး ဆိုတဲ့ မူရှိတယ်။ အခုဆို တရုတ်နိုင်ငံဟာ စီးပွားရေးတိုးတက်လာတဲ့နိုင်ငံ ။ပထဝီနိုင်ငံရေးအရပြန်ကြည့်ရင် လူအင်အားကလည်းများတယ်။ အဲဒီနိုင်ငံဟာ ကျိန်းသေ စစ်ရေးတိုးချဲ့ လာမယ်။

**ဦးအေးမောင်ကျော်။ ( နိုင်ငံရေးလေ့လာသုံးသပ်သူ )**

---------------------------------------------------------------------------------------------

စစ်ရေးနဲ့ ငြိမ်းချမ်းရေးဟာလည်း ပါးပါးလေးပဲ။ ငြိမ်းချမ်းရေးကလည်း စစ်ဖြစ်သွားနိုင်တယ်။ စစ်ဖြစ်ရင်းနဲ့ လည်း ငြိမ်းချမ်းရေးတည်ဆောက်လို့ ရတယ်။ သတိထားရမယ့်ကိစ္စကတော့ ထိုင်းနိုင်ငံနယ်စပ်တို့ ၊အိန္ဒိယနယ်စပ်ထို့ ထက်စာရင်တရုတ်ကအတော်လေးအရေးကြီးတဲ့ အခန်းကဏ္ဍပါတယ်လို့ ကျနော်က ကောက်ချက်ဆွဲတာပါ။

**ဦးအေးမောင်ကျော်။ ( နိုင်ငံရေးလေ့လာသုံးသပ်သူ )**

---------------------------------------------------------------------------------------------

တရုတ်ကငြိမ်းချမ်းရေးပျက်ပြားအောင်အနှောင့်အယှက်ပေးနိုင်တယ်။ အပေါင်းလက္ခဏာဆောင်ဖို့ ၊ကောင်းမွန်ဖို့ ဖက်ကတော့ ကျနော်တို့ ပြည်တွင်း အင်အားစုတွေနဲ့ သာပိုဆိုင်ပါတယ်။

**မျိုးရန်နောင်သိမ်း ။ အတွင်းရေးမှူး (ဗဟိုသုတေသန လမ်းညွှန်အဖွဲ့ ။ NLD)**

---------------------------------------------------------------------------------------------

တရုတ်ပေါ်လစီက ခုပြောင်းသွားပြီ ။ နယ်စပ်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုတာဖြစ်လာတယ်။ နိုင်ငံကြီးတစ်ခုရဲ့ ပေါ်လစီအပြောင်းအလဲဟာ ကျနော်တို့ နိုင်ငံအပေါ် သိပ်ပြီးသက်ရောက်တယ်။

**ဦးအေးမောင်ကျော်။ ( နိုင်ငံရေးလေ့လာသုံးသပ်သူ )**

---------------------------------------------------------------------------------------------

တရုတ်ရဲ့ မြန်မာနိုင်ငံငြိမ်းချမ်းရေးအပေါ် မှာလွှမ်းမိုးနိုင်မှုကို စဉ်းစားတဲ့နေရာမှာ နစ်ပိုင်းခွဲပြီးစဉ်းစားလို့ ရမယ်။ တစ်ခုက တရုတ်ရဲ့ အခြေအနေအရလွှမ်းမိုးနိုင်မှု၊ နောက်တချက်က တရုတ်က ဘယ်လောက်အတိုင်းအတာထိ တွန်းအားပေးဖို့ သူ့ရဲ့ ဆန္ဒ သဘောတရားရှိတဲ့အပေါ် မှာ မူတည်တွက်ချက်ရမယ်။

**ခင်ခင်ကျော်ကြီး ။ (သုတေသနတာဝန်ခံ၊တရုတ်ရေးရာ ။ မဟာဗျူဟာနဲ့ မူဝါဒလေ့လာရေးအဖွဲ့ )**

---

တရုတ်မြန်မာနယ်စပ်မှာ တိုင်းရင်းသားတွေက ဟိုဖက်နိုင်ငံဒီဖက်နိုင်ငံနေကြတယ်။ တရုတ်အနေနဲ့က တိုင်းရင်းသားဖက် သို့မဟုတ် အစိုးရဖက်၊ တဖက်ဖက်ကို ပါဘူးတွန်း အားပေးဖို့ မလုပ်လောက်ဘူးလို့ ကျမမြင်တယ်။

**ခင်ခင်ကျော်ကြီး ။ (သုတေသနတာဝန်ခံ၊တရုတ်ရေးရာ ။ မဟာဗျူဟာနဲ့ မူဝါဒလေ့လာရေးအဖွဲ့ )**

---

တရုတ်ရဲ့ မြွေမသေ တုတ်မကျိုးပေါ်လစီကိုမကြိုက်ဘူး။

**ဟိန်းလတ်။ ( စာရေးဆရာ )**

---

SEG . 2

တရုတ်က မြန်မာပြည်ငြိမ်းချမ်းရေးထက် သူ့ရဲ့မြန်မာပြည်မှာရှိတဲ့ စီမံကိန်းတွေ အောင်မြင်ဖို့ကို အဓိကထားတယ်။ ရခိုင်ဒေသ မငြိမ်းချမ်းသေးတဲ့အခုအချိန်တောင်မှ ကျောက်ဖြူစီမံ ကိန်းကို တင်သွင်းလာတယ်။

**ခင်ခင်ကျော်ကြီး ။ (သုတေသနတာဝန်ခံ၊တရုတ်ရေးရာ ။ မဟာဗျူဟာနဲ့ မူဝါဒလေ့လာရေးအဖွဲ့ )**

---

တရုတ်က အခြားအရာတွေထက် သူ့အကျိုးစီးပွားကိုသာ ဦးတည်တာပါ။ သူအောင်မြင်ချင်တာက OBOR ပိုးလမ်းမစီမံကိန်းပဲ။

**မျိုးရန်နောင်သိမ်း ။ အတွင်းရေးမှူး (ဗဟိုသုတေသန လမ်းညွှန်အဖွဲ့ ။ NLD)**

---

နိုင်ငံကြီးတွေရဲ့ Global Outlook တကမာလုံးဆိုင်ရာအမြင်နဲ့ သွားနေတာဖြစ်တယ်။ မြန်မာပြည်က အဓိကကျတဲ့ အစိတ်အပိုင်းတခုပဲ။ အခုဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံပေါင်း ၁၂၀ ကျော် ၂၀၀ လောက်အစည်းအဝေးမှာ အထူးကိုယ်စားလှယ်အဖြစ်ဖိတ်ပြီးတော့ မိန့်ခွန်းပြောခိုင်းတယ်။ ဒီလိုခြေလှမ်းတွေက ဘာတွေလဲပေါ့နော်။ စဉ်းစားစရာပါ။

**ဦးအေးမောင်ကျော်။ ( နိုင်ငံရေးလေ့လာသုံးသပ်သူ )**

---

၂၀၁၁မှာ သံတမန်ရေးရာ ကာကွယ်မှုတွေ မလိုအပ်တော့ဘူး။ တရုတ်ဖက်ကနေ ခွာလို့ရတယ်။ သို့သော်တရုတ်ရင်းနှီးမြှုပ်နှံမှုက မြန်မာနိုင်ငံမှာ အများဆုံးဖြစ်နေတယ်။ အနောက်နိုင်ငံတွေရဲ့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေ ထင်သလောက်မဝင်လာတဲ့အခါကျတော့ တရုတ်ရဲ့ OBOR ပိုးလမ်းမစီမကိန်းကိုဟာ ငါတို့အတွက် ထွက်ပေါက်များဖြစ်နေမလားလို့စဉ်းစားချက်တွေရှိနေတယ်။ နောက်တချက်က သံတမန်ရေးရာကိစ္စ။ အခု ရခိုင်ပြည်နယ်မြောက်ပိုင်း ကိစ္စဖြစ်လာတဲ့အခါကျတော့ သမိုင်းတစ်ပါတ်ပြန်လည်သွားတယ်။ ပိတ်ဆို့မှုတွေခံရမယ့်အလားအလာတွေရှိလာခဲ့တယ်။ ဖိအားတွေရှိလာခဲ့တယ်။ တရုတ်ရဲ့ သံတမာန်ရေးရာအင်အတားက မြန်မနိုင်ငံ အပေါ်ပိုပြီးများလာခဲ့တယ်။

**ခင်ခင်ကျော်ကြီး ။ (သုတေသနတာဝန်ခံ၊တရုတ်ရေးရာ ။ မဟာဗျူဟာနဲ့ မူဝါဒလေ့လာရေးအဖွဲ့ )**

---

ပရိသတ် ၁ ( နိုင်ဥသ ) ( ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူ )

တရုတ်ကို လက်လွတ်စပယ် မယုံကြည်သင့်ဘူး။ ဘယ်တော့မှလည်း ကောင်းခဲ့တာမဟုတ်ဘူး။

---

ပရိသတ် ၂ ။ ဦးကျော်ထွန်း

ပြည်သူညီညွတ်နေရင် တရုတ်လည်း မကြောက်ဘူး၊ အမေရိကန်လည်း ကြောက်ဖို့မလိုဘူး။

---

ပရိသတ် ၃။ မောင်ချစ်မင်း (NLD လူငယ်)

တရုတ်ဟာ အိမ်နီးချင်းနိုင်ငံပဲ။ ရန်ဖြစ်နေစရာမလိုဘူး။ တိုင်းပြည်ကို အရင်လို စစ်ခေါင်းဆောင်ဦးဆောင်နေတာမဟုတ်ဘူး။ လူထုခေါင်းဆောင်အုပ်ချုပ်နေတာပဲဖြစ်တယ်။

--------------------------------------------------------------------------------------------------------

တခုစဉ်းစားဖို့ကောင်းတာက တရုတ်က တစ်ခုပေးရင် တစ်ခုပြန်ယူရမယ်ဆိုတဲ့ ယဉ်ကျေးမှုထုံးစံရှိ တယ်။ ကျမတို့ကို တစ်ခုကူညီပေးလိုက်တာနဲ့ သူတို့ဆီမှာ ကွမ်ရှိဆိုတဲ့ ဆက်ဆံရေး ယဉ်ကျေးမှုတစ်မျိုးရှိတယ်။ သူတို့ယဉ်ကျေးမှုဆက်ဆံရေးပေါ်မှာကို အခြေတည်နေတာ။ သူက သဘောထားကြီးပြမယ်။ သူများကို ကောင်းပြမယ်။ ဒါပေမယ့် အဲ့လိုကောင်းပြတာနဲ့တပြိုင်နက်ထဲ တဖက်သားပေါ်မှာကျတော့ ငါ့ကိုတချိန်ချိန်လိုအပ်လာချိန်မှာ ပြန်ပေးရမယ်ဆိုတဲ့ တာဝန်ရှိမှုမျိုးတင်ပေးတတ်တယ်။ တရုတ်ကို အိမ်နီးချင်းကောင်းပဲလည်း ပုံပြီးတော့ မယုံကြည်ဖို့တော့အရေးကြီးတယ်လို့ထင်တယ်။ ၂၀၀၇ မှာတရုတ်က မြန်မာအတွက်ဗီတိုကာကွယ်ပေးတယ်။ မြန်မာက ရေနံနဲ့သဘာဝဓါတ်လိုင်းပြန်ပေးလိုက်ရတယ်။ အခု၂၀၁၀ ဒီပုံစံအတိုင်းပဲ။

**ခင်ခင်ကျော်ကြီး ။ (သုတေသနတာဝန်ခံ၊တရုတ်ရေးရာမဟာဗျူဟာနဲ့ မူဝါဒလေ့လာရေးအဖွဲ့ )**

--------------------------------------------------------------------------------------------------------

ပရိသတ် ၄ ( ဒေါ်စုစုလှိုင်၊ ကမာန်အမျိုးသားတိုးတက်ရေးပါတီ )

တရုတ်ပြည်ဟာ မီးစတဖက် ရေမှုတ်တစ်ဖက် အမြဲလုပ်တယ်။ တရုတ်ဟာ မြန်မာပြည်အတွက် ဘယ်တော့မှ ကောင်းခဲ့တာမဟုတ်ဘူး။

--------------------------------------------------------------------------------------------------------

ပရိသတ် ၅။ ဦးတင်မောင်ဦး (နိုင်ငံရေးအကျဉ်းသားဟောင်း)

တရုတ်က မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စမှာ အရာရာကိုမဆုံးဖြတ်နိုင်ပါဘူး။

--------------------------------------------------------------------------------------------------------